# ကမ်းစပ်နေခြည်



လမျက်နှာ
မှုံရီဝါ
ကမ္ဘာအပြာ
တခါတစ်ခါ မာယာ။

ပင်လယ်ဟာ
နီဝါပြာထိန်လင်း
ရင်နဲ့ ရင်းတဲ့လှိုင်း
တံပိုးခရာမှုတ်
ဆန့် ထုတ်ပစ်လွှတ်အလင်းတန်း။

လှိုင်းများ၊ ဝဲဂယက်များ
ကြမ်းတမ်းလှုပ်ခပ်မရပ်မနား
ကျောက်ဆောင်နဲ့ သောင်
တောင်ကမ္ဘားယံနဲ့ မုန်တိုင်း
သမိုင်းကားနိဂုံးမချုပ်
ဆုတ်တက်ကစား
ကာလယန္တယား
အရင်းမဲ့သံစဉ်များ
ရသဒုက္ခများနဲ့ ခရီးဆက်။

မြဲမြံတဲ့လက်များ
ကျစ်လစ်စွာကိုင်ဆုပ်။မဆုတ်မနစ်
ငတ်မွတ်မှု့ တမ်းခြင်း
ချစ်ခြင်းတို့ နီမြန်း
သစ်လွင်ပြည့်သူ့ လမ်း
တလှမ်းခြင်း၊ တဆစ်ခြင်းထုဆစ်
ခေတ်သစ်ရန့် သင်း
ပန်းတခင်းစီ
အဲဒီ  လမ်း
ကမ်း အလင်းဆီ။

နေလက်
(၄၈၂၈) မတ်လ သို့၊